Myanmar Garment Manufacturers Association

# NEWSLETTER

APRIL 2023, ISSUE

## MGMA နှင့် အိန္ဒိယနိုင်ငံ စီးပွားရေးကိုယ်စားလှယ် အဖွဲ့ တို့ တွေ့ဆုံ

UMFCCI နှင့် အိန္ဒိယသံရုံးတို့၏ စီစဉ်မှုဖြင့် MGMA အလုပ်အမှုဆောင်အဖွဲ့ဝင်များ နှင့် အိန္ဒိယနိုင်ငံစီးပွားရေးဆိုင်ရာကိုယ်စားလှယ်အဖွဲ့တို့ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်က MGMAအစည်းအဝေးခန်း၌ တွေ့ဆုံခဲ့ကြသည်။ အစည်းအဝေးတွင် MGMA မှအလုပ်အမှုဆောင်အဖွဲ့ဝင်များ နှင့် အိန္ဒိယစီးပွားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ တို့မှ ပို့ကုန်ဈေးကွက်ကို အဓိကထားသည့် အထည်အလိပ် တီထွင်ဆန်းသစ်မှုများ၊ မြန်မာနိုင်ငံမှ အထည်ချုပ်များ တင်ပို့မှုတိုးမြင့်လာရေးနှင့် မြန်မာနိုင်ငံရှိ အထည်ချုပ် ထုတ်လုပ်သူများထံသို့ အထည်များ ပံ့ပိုးပေးနိုင်ရန် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။



စာ - ၂




MGMA အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် Zara Brand မှတာဝန်ရှိလူကြီးမင်းများ တွေ့ဆုံ

စာ - ၁



Apparel Sourcing in Paris Messe Frankfurt အကြိုလုပ်ငန်းညှိနှိုင်း အစည်းအဝေး

စာ - ၃



အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း (VLCA)

စာ - ၉

# မာတိကာ

## Activities and News


စာမျက်နှာ

MGMA အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် Zara Brand မှတာဝန်ရှိလူကြီးမင်းများ တွေ့ဆုံ.......................... ၂

MGMA နှင့် အိန္ဒိယနိုင်ငံ စီးပွားရေးကိုယ်စားလှယ် အဖွဲ့ တို့ တွေ့ဆုံ.......................................................... ၃

Apparel Sourcing in Paris Messe Frankfurt အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေး............................... ၄

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး.................................................................................. ၅

စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁၄) ........................................................................................................................................ ၆

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၁၇) ........................................................................ ၇

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၁၈) ........................................................................ ၈

အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း (VLCA) ................... ၉


## Upcoming Activities

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | 4th MGMA Members' Day | 10 May | Lotte Hotel, Yangon |

## Membership Update


New Members in April 2023 ……………………………………………………….. ၁၀

Membership update as of April 2023 ..……………………………………………….. ၁၀

# MGMA အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် Zara Brand မှတာဝန်ရှိလူကြီးမင်းများ တွေ့ဆုံ

MGMA အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် Zara Brand မှတာဝန်ရှိလူကြီးမင်းများက ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်တွင် MGMA အစည်းအဝေးခန်း၌ တွေ့ဆုံကြခဲ့သည်။

အစည်းအဝေးတွင် MGMA နှင့် Zara Brand မှတာဝန်ရှိလူကြီးမင်းများက အထည်ချုပ်လုပ်ငန်းများ၏ လက်ရှိအခြေအနေများ၊ အထည်ချုပ်လုပ်ငန်း၏ လတ်တလောအချက်အလက်များကိုစုဆောင်းထားကြောင်း မြန်မာနိုင်ငံရှိ အထည်ချုပ် စက်ရုံများသို့ သွားရောက်လည်ပတ်ကာ စက်ရုံအခြေအနေများကိုအကဲဖြတ်ပြီး အနာဂတ်တွင် အော်ဒါတင်ရန် စဉ်းစားမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

MGMA ဥက္ကဋ္ဌ မှ Smart Myanmar ပရောဂျက်၏ ယခင်ပူးပေါင်းဆောင်ရွက်မှုကို ရှင်းလင်းပြောကြားခဲ့ပြီး MGMA သည် EU ဈေးကွက်ကိုအခြေခံ၍ အထည်ချုပ်လုပ်ငန်းလုပ်ငန်းစဉ်များကို နိုင်ငံတကာဝယ်လက်များက လူသိများနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ အစည်းအဝေးသို့ MGMA မှ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အဖွဲ့ဝင်စက်ရုံများမှ တာဝန်ရှိလူကြီးမင်းများ နှင့် Zara Brand မှတာဝန်ရှိလူကြီးမင်းများတက်ရောက်ခဲ့ကြသည်။







# MGMA နှင့် အိန္ဒိယနိုင်ငံ စီးပွားရေးကိုယ်စားလှယ် အဖွဲ့ တို့ တွေ့ဆုံ



U MFCCI နှင့် အိန္ဒိယသံရုံးတို့၏ စီစဉ်မှုဖြင့် MGMA အလုပ်အမှုဆောင်အဖွဲ့ဝင်များ နှင့် အိန္ဒိယနိုင်ငံစီးပွားရေးဆိုင်ရာကိုယ်စားလှယ်အဖွဲ့တို့ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်က MGMA အစည်းအဝေးခန်း၌ တွေ့ဆုံခဲ့ကြသည်။

အစည်းအဝေးတွင် MGMA မှအလုပ်အမှုဆောင်အဖွဲ့ဝင်များ နှင့် အိန္ဒိယစီးပွားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ တို့မှ ပို့ကုန်စျေးကွက်ကို အဓိကထားသည့် အထည်အလိပ် တီထွင်ဆန်းသစ်မှုများ၊ မြန်မာနိုင်ငံမှ အထည်ချုပ်များ တင်ပို့မှုတိုးမြင့်လာရေးနှင့် မြန်မာနိုင်ငံရှိ အထည်ချုပ် ထုတ်လုပ်သူများထံသို့ အထည်များပံ့ပိုးပေးနိုင်ရန် အခွင့်အလမ်းများ ကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ အသင်းဝင်စက်ရုံအချို့၊ MGMA အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အိန္ဒိယစီးပွားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့တို့တက်ရောက်ခဲ့ကြသည်။





# Apparel Sourcing in Paris Messe Frankfurt

# အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေး

Messe Frankfurt မြန်မာအဖွဲ့ဖြင့် Apparel Sourcing in Paris နှင့်ပတ်သက်သည့် ပထမအကြိမ်အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိမ် အွန်လိုင်းအစည်းအဝေးကို ဧပြီလ ၂၈ ရက်တွင်လည်းကောင်း MGMA အစည်းအဝေးခန်း၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် MGMA မှတာဝန်ရှိလူကြီးမင်းများ နှင့် Messe Frankfurt in Paris မှ ပွဲစီစဉ်သူများမှ MGMA ပြခန်း၏ Logistics ဆိုင်ရာသတင်းအချက်အလက်များ၊ မီဒီယာသတင်းအချက်အလက်များနှင့် presentation ဆိုင်ရာကိစ္စရပ်များ၊ Myanmar Pavilion သည် နိုင်ငံတကာအဝတ်အထည် အရင်းအမြစ်ပလက်ဖောင်းတစ်ခုအဖြစ် အနာဂတ်ဥရောပဈေးကွက်တွင် တည်ရှိစေရန်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းသည် အဖွဲ့အစည်းဆိုင်ရာအသင်းများအဖြစ်ပါဝင်မည်ဖြစ်ပြီး MGMA မှအဖွဲ့ဝင်များသည် ၎င်းတို့၏ထုတ်ကုန်များကို နိုင်ငံတကာဝယ်လက်များထံ ဖြန့်ဖြူးရောင်းချနိုင်စေရန် Myanmar Pavilion တွင် ပြပွဲပြသသူများအဖြစ် ပါဝင်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA မှ ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မန်နေဂျင်းဒါရိုက်တာ တို့တက်ရောက်ခဲ့ကြပြီး Messe Frankfurt in Paris မှ Mr.Nicolas, Mrs.Victoria နှင့် Messe Frankfurt Myanmar မှတာဝန်ရှိလူကြီးမင်း မှ Zoom Application ဖြင့်တက်ရောက်ခဲ့ကြသည်။









# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး

လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင်အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။

အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ် ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှ UMFCCI နှင့် India Embassy တို့၏ အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံမှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား အထည်ချုပ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံရန်ကိစ္စရပ်များလည်းကောင်း၊ Zara Brand မှ Buyer များ လာရောက်တွေ့ဆုံမည့် ကိစ္စရပ်များ၊ ၂၀၂၃ ခုနှစ်၊ ဇွန် ၁ - ၂ ရက် တွင်ကမ္ဘောဒီးယားနိုင်ငံ Siem Reap တွင်ကျင်းပပြုလုပ်မည့် AFTEX 49th Council Meeting and 47th Plenary Session ကျင်းပရန်ကိစ္စနှင့်ပတ်သက်၍လည်းကောင်း၊ ဇုန်ပြင်ပရှိ အသင်းဝင်စက်ရုံများ အတွက် စက်သုံးဆီလျှော့ကျထားရေးခြင်းနှင့်ပတ်သက်၍ အသင်း၏ဆောင်ရွက်နေမှုများအားလည်းကောင်း၊ Commercial Event ဖြစ်သော MGMA ၏ နှစ် ၂၀ ပြည့် အထိမ်းအမှတ် Members' Day အား အထည်ချုပ်လုပ်ငန်းနှင့် ဆက်စပ်၍ဝန်ဆောင်မှုပေးနေသောလုပ်ငန်းများ၏ ပံ့ပိုးကူညီမှုများဖြင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကိစ္စရပ်များ အားလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များမှ တက်ရောက်ခဲ့ကြပြီး ဒု-ဥက္ကဋ္ဌများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။



# စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁၄)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးကာ စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁၄) ကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်တွင် မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းကို MGMA ၏စည်းမျဉ်းစည်းကမ်းများအရမဖြစ်မနေတက်ရောက်သင့်သည့်သင်တန်းဖြစ်ပြီး အသင်းဝင်အထည်ချုပ်စက်ရုံများတွင်အလုပ်သမားဥပဒေလေးစားလိုက်နာမှုခိုင်မာအားကောင်းစေရန်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။



Batch – 14 Group Photo



Labour Officer of MGMA presenting Labour Law Awareness

သင်တန်းတွင် MGMA ၏ Labour Officer ဦးမင်းစိုးဟန်မှ Induction & Employment, Working Hours & Overtime, Paying Wages, Workplace Relations, Settlement of Disputes & WCC and Labour Organization များကို ဆွေးနွေးမှုများ၊ အမေးအဖြေ ကဏ္ဍများဖြင့်သင်ကြားပေးခဲ့သည်။

သင်တန်းသို့ အသင်းဝင်စက်ရုံ (၁၃) ရုံ မှ HR ဌာန နှင့် Production ဌာနမှ ဝန်ထမ်းဦးရေ (၂၃) ယောက် တက်ရောက်ခဲ့သည်။ MGMA အနေဖြင့် အထည်ချုပ်လုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် သင်တန်းကိုလစဉ်ပုံမှန် ပြုလုပ်သွားမည်ဖြစ်သည်။

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၁၇)



Group Photo

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာ စက်ချုပ်သင်တန်း အမှတ်စဉ် (၂၁၇) ကို ၂၀၂၃ ခုနှစ်၊ မတ်လ ၆ ရက်မှ ၂၄ ရက်နေ့ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၂၆) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။



Trainer from MGHRDC lecturing sewing method



MGMA conducting the awareness of labour law



Practice Session



Trainer from MGHRDC lecturing sewing method

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၁၈)



Group Photo

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၁၈) ကို ၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက် မှ ဧပြီလ ၂၂ ရက်ထိ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့် သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၂၆) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။



Trainer from MGHRDC lecturing sewing method



MGMA conducting the awareness of labour law



Practice Session



Trainer from MGHRDC lecturing sewing method

# အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း (VLCA)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၏ Voluntary Labour Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် အသင်းဝင်စက်ရုံဖြစ်သော Myanmar Silver Spring Enterprise Ltd သို့သွားရောက်စစ်ဆေးခဲ့သည်။

အရှေ့ဒဂုံစက်မှုဇုန်ရှိ Myanmar Silver Spring Enterprise Ltd သို့ ဧပြီလ ၃ ရက်နေ့တွင် MGMA ၏ Labour Officer မှသွားရောက်ကာ VLCA အစီအစဉ်တွင်အကျုံးဝင်သည့်စာရွက်စာတမ်းအားလုံးနှင့်ကိုက်ညီမှုရှိ၊မရှိကို အသေးစိတ် ကြည့်ရှုစစ်ဆေးခဲ့သည်။


Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အလုပ်သမားဥပဒေလေးစားလိုက်နာမှု ဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။



Myanmar Silver Spring Enterprise Ltd



Myanmar Silver Spring Enterprise Ltd



Myanmar Silver Spring Enterprise Ltd

# UPCOMING ACTIVITIES

| No. | Description | Date & Time | Venue |
|---|---|---|---|
| 1. | 4th MGMA Members' Day | 10 May | Lotte Hotel, Yangon |

# MEMBERSHIP UPDATE

New Members in April 2023

| Country | No. of New Member Factories |
|---|---|
| China | 1 |
| Total | 1 |

Membership Update as of April 2023

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 62 |
| | China | 308 |
| | Korea | 55 |
| | Japan | 18 |
| | Others | 21 |
| | Joint Venture | 29 |
| | Local, Sub-Con, Marketing, Inspection ,Textile | 55 |
| Total (Active) | | 548 |
| Total (Inactive) | | 255 |
| Grand Total | | 803 |